# အသင်းတော်များသို့ ရေးသောစာစောင်များ

YR C
NO. 10

အလွတ်ကျမ်းချက်။ ။ ကောရိန္သုပြဩဝါဒစာ ပထမစောင် ၂း၂

"အကြောင်းမူကား၊ ယေရှုခရစ်တည်းဟူသော လက်ဝါးကပ်တိုင်မှာ
အသေခံတော်မူသော သခင်မှတပါး၊ အဘယ်အရာကိုမျှ
သင်တို့တွင် ငါမသိမမှတ်ဟု ငါစိတ်ပြဌာန်းခြင်းရှိ၏။"





## တနင်္လာနေ့ | "ခရစ်တော်၏ကပ်တိုင်အကြောင်းကို ဟောပြောသည်" (တမန်တော် ၁၈း၁-၆၊ ကောရိန္သု ပထမစောင် ၁း၁၇-၂း၅) ၁

မာ့စ်တောင်၌ အာသင်မြို့သူမြို့သားများနှင့် စကားပြောခဲ့ပြီးနောက်၊ သူသည် ထိုမြို့၌ နောက်ထပ်မည်သည့်အရာမှ လုပ်ဆောင်နိုင်တော့မည် မဟုတ်ကြောင်းကို ရှင်ပေါလုသည် နားလည်သဘောပေါက်ခဲ့၏။ ထို့ကြောင့် သူသည် ထိုမြို့မှ ထွက်သွား၍ မိုင် ၅၀ ခန့်ဝေးသော အနောက်တောင်ဘက်၌ရှိသော ကောရိန္သုမြို့သို့ သွားရောက်ခဲ့၏။

ထိုအချိန်မှာ ကောရိန္သုမြို့သည် အလွန်အရေးပါသော မြို့တစ်မြို့ဖြစ်၏။ ရောမအင်ပါယာအားလုံးမှ လူတော်တော်များများသည် သူတို့၏ စီးပွားရေးအတွက်သော်လည်းကောင်း၊ အပျော်ခရီးအတွက်သော်လည်းကောင်း၊ ထိုမြို့သို့ လာရောက်ခဲ့ကြ၏။ ထို့အပြင် ထိုမြို့သည် ရုပ်ထုကိုးကွယ်မှုများနှင့် လူဆိုးများ ပေါလွန်းသောကြောင့် အလွန် ဆိုးသောမြို့တစ်မြို့အဖြစ် လူအများသိခဲ့ကြ၏။

ရှင်ပေါလုသည် ကောရိန္သုမြို့သားတို့အား သခင်ယေရှုခရစ်တော် အကြောင်းနှင့် ပတ်သက်သော ဧဝံဂေလိသတင်းကောင်းကို မည်သည့်နည်းဖြင့် ပြောပြနိုင်မည်နည်းဟု တွေးမိခဲ့၏။ သူသည် အာသင်မြို့၌ ဧဝံဂေလိသတင်းစကားကို ယုတ္တိနည်းကျကျသော်လည်းကောင်း၊ သိပ္ပံနည်းကျကျသော်လည်းကောင်း တင်ဆက်ခြင်းအားဖြင့် သူ့အားနားထောင်သူများနှင့် လိုက်လျောညီထွေဖြစ်အောင် ကြိုးစားခဲ့၏။ သို့သော် ထိုနည်းလမ်းသည် အလုပ်ကောင်းကောင်းမဖြစ်ခဲ့ပေ၊ အနည်းငယ်သောလူများသာလျှင် ယေရှုခရစ်တော်၌ ယုံကြည်ရန် ရွေးချယ်ခဲ့ကြ၏။ ရှင်ပေါလုသည် ကောရိန္သုမြို့၌ မည်သည့်အရာများလုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့သနည်း။ ကောရိန္သုဩဝါဒစာ ပထမစောင် ၁း၂၃။

ဤအရာသည် လူကြိုက်များသောသတင်းစကားတစ်ခု မဟုတ်ကြောင်း ပေါလုသိခဲ့၏။ ယေရှုသည် နှိမ့်ကျသောယုဒအမျိုးတစ်ဦးအဖြစ် မွေးဖွားလာခဲ့ပြီး၊ ရာဇဝတ်သားအဖြစ် အသေသတ်ခံခဲ့ရ၏။ ယုဒလူမျိုးဖြစ်စေ၊ ဟေလသလူဖြစ်စေ၊ သဘာဝအလိုအလျောက်အားဖြင့် ကိုယ်တော်ကို ဆွဲဆောင်နိုင်မည်မဟုတ်ပါ။ ကောရိန္သုဩဝါဒစာ ပထမစောင် ၁း၂၃။

သို့သော် ရှင်ပေါလုသည် လက်ဝါးကပ်တိုင်သတင်းစကားသည်သာ "ဘုရားသခင်၏တန်ခိုးရှိသော သတင်းစကား" ဖြစ်ကြောင်း သိရှိခဲ့၏ (အငယ် ၁၈) လက်ဝါးကပ်တိုင်ပေါ်၌ ယေရှုခရစ်တော်၏ သေဆုံးခြင်းသည် မိုက်မဲဟန်ရှိသော်လည်း၊ လက်တွေ့တွင်၊ ၎င်းသည် ဘုရားသခင် ၏ ချစ်ခြင်းမေတ္တာ၊ တရားမျှတမှုနှင့် ဉာဏ်ပညာတို့ထက် သာ၍ကောင်းမွန်ကြောင်း ပြသခဲ့သည်။ အငယ် ၂၅။

ထို့ကြောင့် ပေါလုသည် ကောရိန္သုမြို့၌ သူ၏သာသနာအမှုစတင်ခြင်းကို ဥပုသ်နေ့တိုင်း တရားဇရပ်၌ဟောကြားခဲ့ပြီး၊ သခင်ယေရှုခရစ်တော်သည် မေရှိယသခင်ဖြစ်ကြောင်း ဓမ္မဟောင်းကျမ်းစာမှ သက်သေပြခဲ့၏။ ပုံမှန်အားဖြင့်၊ ယုဒလူမျိုးအများသည် ယေရှုကို ငြင်းဆိုရန် ရွေးချယ်ခဲ့ကြ၏။ သူတို့သည် ပေါလုအား အလွန်ဒေါသထွက်လာခဲ့ကြ၏။ ဘုရားသခင်သည်သာ သူ့အား မကာကွယ်ခဲ့ပါက၊ သူတို့သည် သတ်ခဲ့ကြလိမ့်မည်ဖြစ်၏။ ပေါလုသည် သူတို့အား ဘာပြောဆိုခဲ့သနည်း။ တမန်တော်ဝတ္ထု ၁၈း၆။

**လက်တွေ့ကျင့်သုံးရန်** - ယေရှုခရစ်တော်၏ လက်ဝါးကပ်တိုင်ပေါ်အသေခံခြင်းသည် သင့်အတွက် ဘာအဓိပ္ပာယ်ရှိသနည်း။

## တနင်္လာနေ့ | "ကျွန်ုပ်၌ လူများစွာရှိသည်" (တမန်တော်ဝတ္ထု ၁၈း၇-၁၇) ၂

သိလနှင့် တိမောသေတို့သည် မာကေဒေါနိပြည်မှ ရောက်လာကြသောအခါ၊ ပေါလုသည် ကောရိန္သုမြို့၌ သခင်ယေရှုအကြောင်းနှင့် ပတ်သက်သောဧဝံဂေလိသတင်းကောင်းကို လူများတို့အား ဟောပြောနေသည်နှင့်အညီ သူတို့သည်လည်း သူနှင့် ပူးပေါင်းခဲ့ကြ၏။ ပေါလုသည် တရားဇရပ်၌ ကြာကြာမဟောပြောနိုင်တော့ပေ၊ ထို့ကြောင့် သူသည် ခရစ်ယာန်တစ်ယောက်ဖြစ်သော ယုတ္တုအမည်ရှိသောသူ၏ အိမ်၌သာ စည်းဝေးခဲ့ကြ၏။ ထိုသူ၏အိမ်သည် တရားဇရပ်နှင့် စပ်လျက်ရှိ၏။ ဘုရားသခင်သည် သူတို့၏လုပ်ဆောင်မှုကို ကောင်းကြီးပေးလေ၏။ ထို့ပြင် ကရိပ္ပုအမည်ရှိသော တရားစရပ်မှူးသည် မိမိအိမ်သူအိမ်သားအပေါင်းတို့နှင့်တကွ ဗတ္တိဇံကို ခံယူခဲ့ကြပြီး၊ ယုံကြည်သူခရစ်ယာန်များဖြစ်လာခဲ့၏။ ထို့အပြင် အခြားသော ကောရိန္သုပြည်သားများသည်လည်း ဗတ္တိဇံကို ခံခဲ့ကြလေ၏။

ဤအရာသည် ယုဒလူမျိုးများအား သာ၍စိတ်ဒေါသထွက်စေခဲ့၏။ ပေါလုသည် ယုဒလူမျိုးများ၏ဆန့်ကျင်ခြင်းနှင့် ကောရိန္သုမြို့၏ ဆိုးသွမ်းမှုကို မြင်တွေ့ခဲ့သည်နှင့်အမျှ၊ ထိုအရာ၌ အသင်းတော်တစ်ခု တည်ထောင်ရန် ပညာရှိရာရောက်သည်ဟု သူတွေးမိခဲ့လေ၏။ ဘုရားသခင်သည် သူ့အား ဗျာဒိတ်ရုံပါရုံတစ်ခု ပြောပြခဲ့သောအခါ သူသည် ထိုမြို့မှ ထွက်သွားရန် စီစဉ်လေ၏။ ဘုရားသခင်သည် အဘယ်သို့မိန့်တော်မူခဲ့သနည်း။ တမန်တော်ဝတ္ထု ၁၈း၉၊ ၁၀။

အဘယ်သူကမှ ဘုရားသခင်၏အစေအပါးများကို အခြားတစ်ဦးထက် နောက်တစ်ဦးကို ပို၍မနှစ်သက်သင့်ကြောင်းနှင့် ထိုအရာထက် သူတို့သည် အမှုတော်ဆောင်တစ်ဦးချင်းစီထံမှ ဘုရားသခင်ချပေးသော ကောင်းကြီးမင်္ဂလာကို ခံယူသင့်ပေသည်။ ကောရိန္သုဩဝါဒစာ ပထမစောင် ၃း၅-၇။

**လက်တွေ့ကျင့်သုံးရန်** - အသစ်သောတရားဟောဆရာ သို့မဟုတ် ကျောင်းဆရာသည် သင်တို့အသင်းတော် သို့မဟုတ် ကျောင်းသို့ ရောက်လာသောအခါ၊ ထိုသူထံမှ သင် သင်ကြားနိုင်သောအရာအားလုံးကို သင်ယူရန် စိတ်ဆန္ဒပြင်းပြနေပါသလား။ သို့မဟုတ် ဘယ်တရားဟောဆရာ သို့မဟုတ် ကျောင်းဆရာကို သင်ပို၍နှစ်သက်နေကြောင်းကို စဥ်းစား၊ ပြောဆိုနေရင်း အလုပ်များနေမည်လား။

## သောကြာနေ့ | ဖေက်မြို့၌ ပေါလု (တမန်တော်ဝတ္ထု ၁၉း၁-၂၀) ၆

ယေရုရှလင်သို့ ခေတ္တလည်ပတ်ပြီးနောက်၊ ပေါလုသည် မြောက်ဘက်၌ရှိသော အန္တိအုတ်မြို့သို့ ဦးတည်ခဲ့၏။ ထိုနေရာ၌ သူ၏ ဒုတိယသာသနာပြုခရီးစဉ်ကို အဆုံးသတ်ခဲ့လေသည်။ အန္တိအုတ်မြို့၌ အချိန်ခဏကြာနေထိုင်ပြီးနောက်၊ မဆုတ်မနစ်သော တမန်တော်သည် ခရီးထွက်ခဲ့ပြန်၏။ ဤအချိန်၌ ပေါလုသည် အနောက်ဘက် မိုင် ၅၀၀ အထက်ဝေးသော ဖေက်မြို့သို့ သွားခဲ့၏။ လမ်းတလျှောက်လုံး၌ သူတည်ထောင်ခဲ့သော အသင်းတော်များသို့ လည်ပတ်ခဲ့၏။ ယုံကြည်သူများသည် ရှင်ပေါလုကို တဖန်ပြန်လည်တွေ့ဆုံခဲ့ရသည့်အတွက် အဘယ်မျှလောက်ဝမ်းမြောက်ကြမည်နည်း။ ပေါလုသည်လည်း သစ္စာရှိစွာကျန်ရှိနေသော သူတို့အား အဘယ်မျှလောက် မေတ္တာသက်စွာ အားပေးတော်မူမည်နည်း။

နောက်ဆုံး ပေါလုသည် ဖေက်မြို့သို့ပြန်ရောက်လာသောအခါ သူသည် အာပေါလုကဲ့သို့ ပို၍များသောယုံကြည်သူများနှင့် တွေ့ဆုံခဲ့လေ၏။ သူတို့သည် နှစ်ခြင်းဆရာယောဟန်၏တရားဟောချက်များကို ကြားနာခဲ့ပြီး ဗတ္တိဇံခံခဲ့ကြသောသူများဖြစ်သည်။ သို့သော် သူတို့သည် ယေရှုခရစ်တော်အကြောင်းကို အနည်းငယ်သာကြားသိခဲ့ရပြီး၊ သန့်ရှင်းသောဝိညာဉ်တော်အကြောင်းအား ဘယ်တုန်းကမှ မကြားဖူးခဲ့ချေ။

ထိုအချိန် ရှင်ပေါလုသည် ယေရှုခရစ်တော်အကြောင်းနှင့်ဆိုင်သော ဧဝံဂေလိသတင်းစကားကို သူတို့အားဟောပြောသည်နှင့်အမျှ ထိုသူတို့သည် စိတ်အားကြီးစွာ နားထောင်ခဲ့ကြလေ၏။ ပေါလု၏သတင်းစကားကို ယုံကြည်လက်ခံခဲ့ကြပြီး၊ တဖန် ဗတ္တိဇံခံယူခဲ့ကြ၏။ ပေါလုသည် သူ၏လက်ကို သူတို့အပေါ်သို့ တင်သောအခါ သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့အပေါ်သို့ ဆင်းသက်တော်မူလေ၏။ တမန်တော်ဝတ္ထု ၁၉း၅၊ ၆။

ထိုအခါ ပေါလုသည် ဖေက်မြို့ တရားစရပ်၌ သုံးလကြာ တရားဟောခဲ့လေ၏။ ဝမ်းနည်းစရာမှာ၊ ယုဒလူမျိုးအများသည် ယေရှုခရစ်တော်ကို ယုံကြည်ရန် ငြင်းပယ်ခဲ့ကြပြီး၊ သူတို့သည် ပြဿနာပြုလုပ်သူများ ဖြစ်လာခဲ့၏။ ထို့ကြောင့် ပေါလုနှင့်ယုံကြည်သူများသည် ထိုအချိန်ခါ လူသိများသောနေရာဖြစ်သည့် တုရန္နုအမည်ရှိသောသူ၏ စာတင်စရပ်၌ စတင်တွေ့ဆုံခဲ့ကြသည်။ ထိုနေရာ၌ ဘုရားသခင်သည် ပေါလု၏ သာသနာအား အဘယ်သို့ ကောင်းကြီးပေးခဲ့သနည်း။ အငယ် ၁၁၊ ၁၂။




သကေဝအမည်ရှိသော ယုဒ လူမျိုးတစ်ယောက်၏ သား ခုနှစ်ယောက်တို့သည် ယေရှုခရစ်တော်၏ နာမအားဖြင့် ပြုလုပ်သော အံ့ဩဖွယ် နိမိတ်လက္ခဏာများ အ

ကြောင်းကို ကြားခဲ့ကြပြီး၊ သူတို့သည် နတ်ဆိုးစွဲသူအပေါ်၌ ယေရှု၏နာမကို အသုံးပြုရန် ဆုံးဖြတ်ခဲ့ကြ၏။ တစ်စုံတစ်ရာဖြစ်ပျက်ခဲ့၏၊ သို့သော် သူတို့မျှော်လင့်ထားသည်အတိုင်း မဟုတ်ခဲ့ချေ။ အငယ် ၁၃-၁၆။ ၎င်းသည် အန္တရာယ်ရှိကြောင်းနှင့် မှားယွင်းနေကြောင်း လူအများတို့သည် မကြာမီ၌ သိရှိနားလည်ခဲ့ကြ၏။ အဘယ်ကြောင့်ဆိုသော် ယေရှုခရစ်တော်၌ ယုံကြည်ခြင်းမပါဘဲ၊ သူ၏နာမကို ထူးခြားစွာ အသုံးပြုခဲ့သောကြောင့်ဖြစ်သည်။ အငယ် ၁၇။

သကေဝ၏သားခုနှစ်ဦးတို့အပေါ်၌ ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်သည် ဖေက်မြို့၌ရှိသော ခရစ်ယာန်များအတွက် သတိပေးချက်တစ်ခုဖြစ်သွားခဲ့သည်။ သူတို့အထဲမှ အချို့သောသူများသည် သူတို့၏စာအုပ်များ၌ မှော်အတတ်နှင့် နတ်ဝိဇ္ဇာအတတ်အကြောင်းကို ထိန်းသိမ်းခဲ့ကြသည်။ သို့သော် ထိုအချိန်၌ ထိုအရာများကို ဖယ်ရှားပစ်ရမည်ဖြစ်ကြောင်းကို နားလည်သဘောပေါက်ခဲ့ကြလေ၏။ သူတို့သည် ထိုစာအုပ်များကို ရောင်းပါက ငွေအမြောက်အများရရှိနိုင်မည်ဖြစ်သည်။ (ယနေ့အချိန်တွင် အနည်းဆုံး အမေရိကန်ဒေါ်လာ သိန်းပေါင်းများစွာ အထိရှိသည်)၊ သို့သော် ၎င်းသည် အခြားသူများကို ဝိဇ္ဇာအတတ်ပညာရှင်များ ဖြစ်လာရန် သွေးဆောင်စေခဲ့သည်။ ထိုသို့အစား သူတို့သည် ဘာလုပ်ဆောင်ခဲ့ကြသနည်း။ အငယ် ၁၈၊ ၁၉။

**လက်တွေ့ကျင့်သုံးရန်** - ခရစ်ယာန်တစ်ယောက်၌ မရှိသင့်သော အရာများဖြစ်သည့် ရုပ်ရှင်ဇာတ်ကားအမျိုးအစားများ သို့မဟုတ် စာအုပ်များ သို့မဟုတ် စီဒီခွေများကို သင်ပိုင်ဆိုင်နေပါသလား။ ထိုသို့ သင့်ထံ၌ရှိနေမည်ဆိုလျှင် သင်ဘာလုပ်သင့်သနည်း။ ဖေက်ဩဝါဒစာ ၅း၁၁ ကို ဖတ်ပါ။

© ၂၀၂၂ - My Bible First www.mybiblefirst.org sales@mybiblefirst.org

ထို့ကြောင့် ပေါလုနှင့် သူ့အပေါင်းအဖော်တို့သည် ကောရိန္သုမြို့၌ ဆက်လက်လုပ်ဆောင်ခဲ့လေ၏။ လူထုများရှေ့ ဟောပြောခြင်းအပြင်၊ သူတို့သည် တစ်အိမ်မှတစ်အိမ်သွားခြင်း၊ လူများအိမ်များသို့ အလည်အပတ်ပြုခြင်းများစွာ ပြုလုပ်ခဲ့ကြ၏။ ထိုအကြောင်းကြောင့်၊ တပါးအမျိုးသားများသည် အများအားဖြင့် ရုပ်ထုကိုးကွယ်ခြင်းကို ရပ်တန့်ခဲ့ပြီး၊ သူတို့၏ဆိုးသွမ်းသောအရာများကို စွန့်လွှတ်နိုင်ခဲ့ကြလေ၏။ ဘုရားသခင်သည် သူတို့၏ကြိုးစားလုပ်ဆောင်မှုကို ကြွယ်ဝစွာကောင်းကြီးပေးခဲ့လေ၏။



ပေါလုသာသနာပြုခြင်း၏ အောင်မြင်မှုကို မြင်သောအခါ၊ ယုဒလူမျိုးများသည် ယခင်ကထက်သာ၍ ဒေါသအမျက်ထွက်ခဲ့ကြ၏။ ထို့နောက် သူတို့သည် မုသာသုံးပြီး၊ ပေါလုအား ဂါလျန်မင်းထံ ခေါ်ဆောင်လေ၏။ ဂါလျန်မင်းသည် ထိုဒေသ (အခါယပြည်) ကို အုပ်ချုပ်သော ရောမအုပ်စိုးသောသူဖြစ်သည်။ ယုဒလူမျိုးများသည် ပေါလုအား သူတို့ ယုဒလူမျိုးများနှင့်ဆိုင်သော ပညတ် ဥပဒေကို ချိုးဖေါက်သည်ဟု စွပ်စွဲပြီး ထိုမင်းထံသို့ ခေါ်ဆောင်ခဲ့လေ၏။ ဂါလျန်မင်းသည် ရိုးသားဖြောင့်မတ်သောသူဖြစ်ပြီး၊ သူသည် ယုဒလူမျိုးများကို မုန်းတီးရွံရှာသောသူဖြစ်သည်။ သူသည် ဘာလုပ်ဆောင်ခဲ့သနည်း။ အငယ် ၁၄-၁၆။

ထို့ကြောင့် ထိုလူအုပ်က ပေါလုအား လုပ်ကြံဖို့ရန် ကြံစည်နေသောအရာအတွက် အကြောင်းပြချက်တစ်ခုမျှ မရှိကြောင်း ရုတ်တရက်သဘောပေါက်လိုက်ကြ၏။ ထို့နောက် သူတို့သည် တရားစရပ်မှူးအသစ်ဖြစ်သော သုသင်ဘက်သို့ လှည့်ခဲ့ကြ၏။ သူတို့သည် ဂါလျန်မင်းရှေ့တွင် ပေါလုကိုပေးမည်ဟု သူတို့မျှော်လင့်ထားသည့်နှင့်အညီ သုသင်အား ရိုက်နှက်ခဲ့သည်။ သုသင်သည် သူတို့ကို ဂရုမစိုက်သောကြောင့် ဂါလျန်မင်းက သူတို့၏ရိုက်နှက်မှုသည် ထိုက်သင့်သည်ဟု ထင်ကောင်းထင်လိမ့်မည်။ အငယ် ၁၇။

**လက်တွေ့ကျင့်သုံးရန်** - ဂါလျန်မင်း၏ခိုင်မာပြတ်သားသော ဆုံးဖြတ်ချက်သည် ယုဒလူမျိုးများကို အနိုင်ယူပြီး၊ ပေါလုအား ကောရိန္သုမြို့၌ ဆက်လက်လုပ်ဆောင်စေခဲ့သည်။ သင်ရော ဂါလျန်မင်းနေရာ၌ ရှိနေပါက၊ အဘယ်သို့နည်း။ မှန်ကန်စွာ ဆုံးဖြတ်ဖို့ရန် သင်၏ ဆုံးဖြတ်ချက်များခိုင်မြဲဖို့ရန်အတွက် သင်ရွေးချယ်နေပါသလား။

## အင်္ဂါနေ့ ။ သက်သာလောနိတ်ဩဝါဒစာ ပထမစောင် ၃

ပေါလုသည် သူစတင်တည်ထောင်ခဲ့သောအသင်းတော်များအတွက် အမြဲအထူးဂရုစိုက်ခဲ့၏။ သူ၏သာသနာပြုခြင်းအားဖြင့် ပြောင်းလဲလာသောသူများအတွက် သူ့မှာ တာဝန်အပြည့်ရှိကြောင်း သူခံစား၏။ သို့သော် ခက်ခဲသောအချိန်နှင့် ခရီးသွားခြင်းအားဖြင့် အချိန်များကိုလည်း ကုန်ဆုံးခဲ့၏။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်၌ တယ်လီဖုန်းဝန်ဆောင်မှု သို့မဟုတ် အီးမေးလ် မရှိသောကြောင့်ဖြစ်သည်။ သူသည် သူကိုယ်တိုင်အလည်အပတ်ပြုရန် မဖြစ်နိုင်သောအခါ၌၊ ပေါလုလုပ်နိုင်သော တစ်ခုတည်းသောအရာမှာ စာစောင် ရေးခြင်းသာဖြစ်သည်။



ထိုစာစောင်၌ အားပေးစကား၊ သွန်သင်ခြင်းများနှင့် တခါတရံ ဆုံးမပဲ့ပြင်ခြင်းလည်း ပါဝင်၏။ ပေါလုသည် ဩဝါဒစာစောင်များစွာကို ရေးသားခဲ့သည်။ ယနေ့ကျွန်ုပ်တို့သည်လည်း ကျမ်းစာ၌ ပေါလု၏ဩဝါဒစာစောင် တစ်ဆယ့်လေးစောင်ကို တွေ့ရသည်။

ပေါလုသည် အာသင်မြို့သို့ရောက်သောအခါ၊ သက်သာလောနိတ်တွင် သူမကြာသေးမီက စတင်တည်ထောင်ခဲ့သောအသင်းတော်အကြောင်းကို မကြာခဏစဉ်းစားခဲ့၏။ ယုဒလူမျိုးများ၏ နှိပ်စက်ခြင်းကြောင့် သူသည် ထိုနေရာသို့ အချိန်တိုသာ အလည်အပတ်ပြုခဲ့ရ၏။ သို့သော် ထိုမြို့၌ရှိသောသူများသည် သစ္စာရှိကျန်ရစ်ခဲ့သည်ကို သူတွေးမိ၏။ အာသင်၌ တိမောသေ၏အကူအညီကို သူလိုအပ်ခဲ့သည်နည်းတူ၊ သူသည် နောက်ဆုံး၌ တိမောသေအား သက်သာလောနိတ်သို့ စေလွှတ်ရန် ဆုံးဖြတ်ခဲ့၏။ (သက်သာလောနိတ်ဩဝါဒစာ ပထမစောင် ၃း၁၊ ၂) တိမောသေသည် သီလနှင့်အတူပြန်လာသောအခါ၊ ပေါလုသည်သည် ကောရိန္သုမြို့သို့ ပြောင်းရွှေ့သွားခဲ့၏။ (တမန်တော်ဝတ္ထု ၁၈း၅) တိမောသေ၏ အစီရင်ခံစာကား မည်သို့နည်း။ သက်သာလောနိတ်ဩဝါဒစာ ပထမစောင် ၃း၆။



ပေါလုသည် သူတို့အား စာတစ်စောင်ရေးရန် ဆုံးဖြတ်ခဲ့၏။ ထိုစာစောင်မှာ ကျမ်းစာ၌ ကျွန်ုပ်တို့တွေ့နေရသော သက်သာလောနိတ်ဩဝါစာ ပထမစောင်ဟုခေါ်သည်။ သက်သာလောနိတ်အသင်းတော်သည် ထိုနေရာဒေသရှိ ယုံကြည်သူများအားလုံးအတွက် ပုံသက်သေကောင်းဖြစ်ကြောင်း သိရသောအခါ သူသည် အလွန်ဝမ်းမြောက်ခဲ့သည်။ သခင်ယေရှုအကြောင်းနှင့်ပတ်သက်သောဧဝံဂေလိသတင်းကောင်းကို သူတို့သည် မိမိကိုယ်တိုင်လေ့လာပြီးမှသာလျှင် အခြားသူများအားဟောပြောဝေငှခဲ့ကြ၏။ ထိုသို့အားဖြင့်၊ အသင်းတော်သည် ကြီးထွားတိုးတက်လေ၏။ သက်သာလောနိတ်ဩဝါဒစာ ပထမစောင် ၁း၇၊ ၈။

သူ၏စာစောင်ထဲတွင်၊ ပေါလုသည် သူတို့၌ရှိသော နားလည်မှုမှားယွင်းနေသောအကြောင်းအရာများကိုလည်း အမှန်တည့်မတ်ပေးခဲ့၏။သခင်ယေရှုဒုတိယကြွလာခြင်းမတိုင်မီ သေသောသူများသည် ကိုယ်တော်နှင့်အတူ ကောင်းကင်သို့ မတက်ရဟု သူတို့ယူဆကြ၏။ ပေါလုသည် သူတို့အား မည်သို့ ပြောဆိုခဲ့သနည်း။ သက်သာလောနိတ်ဩဝါဒစာ ပထမစောင် ၄း၁၃-၁၈။ ဤအရာသည် သက်သာလောနိတ်ရှိယုံကြည်သူများအား အဘယ်မျှ လောက်သော ဝမ်းမြောက်စရာကောင်းသော သတင်းမဟုတ်သလော။ ထိုအချိန်၌ သူတို့သည် သူတို့၏ချစ်ရသောသူများကို ပြန်တွေ့ဖို့ မျှော်လင့်နေကြပြီ။



**လက်တွေ့ကျင့်သုံးရန်** - ရှင်ပြန်ထမြောက်ခြင်းကို ယုံကြည်ရန် သင်လည်း ဝမ်းမြောက်မနေဘူးလား။ မှန်ပေသည်၊ ကျွန်ုပ်တို့ချစ်ရသော တစ်စုံ တစ်ယောက် သေဆုံးသောအခါ အမြဲ ဝမ်းနည်းစေသည်။ သို့သော် ခရစ်ယာန်များဖြစ်ကြသည်နှင့်အညီ ကျွန်ုပ်တို့သည် "မြော်လင့်ချက်မရှိသော အခြားသူများကဲ့သို့" ဝမ်းနည်းနေမည့်အစား ရှင်ပြန်ထမြောက်ခြင်းအတွက် မြော်လင့်ခြင်း၌ ဝမ်းမြောက်နိုင်ပါသည်။ (သက်သာလောနိတ်ဩဝါဒစာ ပထမစောင် ၄း၁၃)

## ဗုဒ္ဓဟူးနေ့ ။ သက်သာလောနိတ်ဩဝါဒစာ ဒုတိယစောင် ၄

သက်သာလောနိတ်မြို့၌ရှိသော ယုံကြည်သူများသည် ပေါလု ၏ စာစောင်ကို အလွန်ဝမ်းမြောက်စွာ လက်ခံရရှိခဲ့ကြ၏။ ထိုစာစောင်သည် သူတို့အတွက် အထူးတန်ဖိုးရှိသော သတင်းစကားဖြစ်ပြီး၊ သူတို့သည် သူတို့ချစ်ရသောသူများနှင့် ပြန်တွေ့မည်ဖြစ်ကြောင်း အာမခံချက်ဖြစ်သည်။ (သက်သာလောနိတ်ဩဝါဒစာ ပထမစောင် ၄း၁၃-၁၈) သို့သော် သက်သာလောနိတ်မြို့ရှိ အချို့သောသူများက သူ၏စကားများကို တလွဲအဓိပ္ပာယ်ကောက်ယူကြောင်း ပေါလုသည် မကြာမီ၌ တွေ့ရှိခဲ့သည်။ ယေရှုသည် နှစ်အနည်းငယ်အတွင်းမှာ ပြန်ကြွလာလိမ့်မည်ဟူ၍ ရှင်ပေါလုသွန်သင်နေကြောင်း သူတို့ထင်ခဲ့ကြသည်။ အချို့သောလူများသည် သူတို့၏ အလုပ်များကို မလုပ်တော့ဘဲ သခင်ယေရှုဒုတိယကြွလာခြင်းအတွက် စောင့်ဆို င်းနေခဲ့ကြ၏။



ထိုအရာများသည် အန္တရာယ်ရှိသော စိတ်ကူးအမြင်များဖြစ်ကြောင်း ပေါလု သိခဲ့၏။ ထို့ကြောင့် သူသည် နောက်ထပ်စာတစ်စောင်ကို သူတို့ထံသို့ လျင်မြန်စွာ ရေးပို့ခဲ့သည်။ ယေရှုခရစ်တော်ကြွလာမည့်အချိန်နှင့်ပတ်သတ်၍ ပေါလု ဘာပြောဆိုခဲ့သနည်း။ သက်သာလောနိတ်ဩဝါဒစာ ဒုတိယစောင် ၂း၁-၄။

ထို့ကြောင့် ဒုစရိုက်လူတည်းဟူသောပျက်စီးခြင်း၏သားနှင့် သူ၏အလုပ်ပြီးဆုံးသည့်တိုင်အောင် သခင်ယေရှုကြွလာမည်ကို အဘယ်သူမှ မျှော်လင့်မထားသင့်ပေ။ သို့သော် ဤပျက်စီးခြင်း၏သားကား အဘယ်သူနည်း။ ပေါလုပြောသည်မှာ "ထိုသူသည် ဘုရားသခင်ဟူ၍လည်းကောင်း၊ ဘုရားဟူ၍လည်းကောင်း ခေါ်ဝေါ်သမျှသောအရာတို့ကို ရန်ဘက်ပြု၍။ ကိုယ်ကိုကိုယ်ချီးမြှောက်သောအားဖြင့်... ဘုရားသခင်ကဲ့သို့ထိုင်၍၊ ဘုရားသခင်ဖြစ်ယောင်ဆောင်လျက် ကိုယ်ကိုပြသောသူဖြစ်သတည်း။" (အငယ် ၄)

ဤဖော်ပြချက်သည် ကျွန်ုပ်တို့အား ဒံယေလ၏တန်ခိုးအာဏာကြီးသောချိုငယ်အကြောင်းကို ချက်ချင်းသတိပေးစေခဲ့သည်။ ဘုရားသခင်သည် ဒံယေလအား ချိုငယ်အကြောင်းကိုပြောပြသည်မှာ "အမြင့်ဆုံးသောဘုရားကို ဆန့်ကျင်ဘက်ပြု၍၊ ကြီးစွာသောစကားကို ပြောလိမ့်မည်၊" ဘုရားသခင်၏ပညတ်တရားတို့ကိုတောင် ပြောင်းလဲရန် ကြိုးပမ်းလိမ့်မည်ဟု ဖော်ပြထား၏။ ဒံယေလအနာဂတ္တိကျမ်း ၇း ၂၅။

ဤသင်ခန်းစာမတိုင်ခင် ချိုငယ်သည် ပုပ်ရဟန်းကို ပုံဆောင်ကြောင်းကို ကျန်ခဲ့သောသင်ခန်းစာများ၌ ကျွန်ုပ်တို့လေ့လာခဲ့ဖူးသည် ကို သတိရနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပျက်စီးခြင်း၏သားသည်လည်း ထို့အတူ ကိုယ်စားပြုထားသည် သို့မဟုတ် ထိုသူပင်ဖြစ်သည်။ ဒံယေလသည် သခင်ယေရှုမကြွလာခင် ပုပ်ရဟန်း၏အာဏာသည် ဘုရားသခင်နှင့် သူ၏လူများအားဆန့်ကျင်တိုက်ခိုက်မည့် အကြောင်းကို ရှင်းလင်းတိကျစွာ ကြိုတင်ဟောခဲ့ပြီးဖြစ်သည်။ ထိုအချိန်၌ ထိုအရာသည်မဖြစ်ပျက်ခဲ့သေးချေ၊ ထို့ကြောင့် သက်သာလောနိတ်မြို့သားများသည် ထိုအချိန်၌ သခင်ယေရှုပြန်ကြွလာခြင်းကို မမျှော်လင့်ခဲ့သင့်ပေ။

ထို့နောက် ပေါလုသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်၊ သူတို့နှင့်အတူသူရှိနေစဥ် အလွန်အလုပ် ကြိုးစားအားထုတ်လုပ်ဆောင်ခြင်းအားဖြင့် သူတို့အား ပေးခဲ့သော ပုံသက်သေကို ပြန်သတိပေးခဲ့၏။ (သက်သာလောနိတ်ဩဝါဒစာ ဒုတိယစောင် ၃း၇-၉) သခင်ယေရှုကြွလာမည့်အချိန်ကို စောင့်ဆိုင်းနေစဥ် ဘာမျှမလုပ်သောသူများအတွက် ၎င်းမှုအကြောင်းနှင့် ပတ်သတ်၍ ပေါလု ချမှတ်ခဲ့သည့် စည်းမျဥ်းကား အဘယ်နည်း။ သက်သာလောနိတ်ဩဝါဒစာ ဒုတိယစောင် ၃း၁၀။

**လက်တွေ့ကျင့်သုံးရန်** - ထိုအရာသည် ယနေ့ကျွန်ုပ်တို့လိုက်လျောက်ဖို့ရန်အတွက် ကောင်းသောစည်းမျဥ်းတစ်ခုဖြစ်နေဆဲ ဖြစ်သည်။ ထိုသို့ တူညီသောအကြောင်းအရာခေါင်းစဥ်အပေါ် ရှောလမုန်မင်းကြီး၏ အကြံပေးချက်ကို သုတ္တံကျမ်း ၆း၆-၁၁ ၌ ဖတ်ပါ။

## ကြာသပတေးနေ့ ။ အာပေါလု (တမန်တော်ဝတ္ထု ၁၈း၁၈-၂၈၊ ကောရိန္သုဩဝါဒစာ ပထမစောင် ၁-၄) ၅

ပေါလုသည် ကောရိန္သုမြို့၌ လုပ်ဆောင်ပြီးစီးသောအခါ၊ ထိုနေရာမှ ထွက်ခွာပြီး အရှေ့ဘက် မိုင် ၂၅၀ ခန့်တွင်တည်ရှိသော ဧဖက်မြို့သို့ ရွက်လွှင့်ခဲ့၏။ ပုံမှန်အတိုင်း၊ ပေါလုသည် ဧဖက်မြို့သို့ရောက်သောအခါ၊ ဥပုသ်နေ့တွင် တရားစရပ်၌ တရားဟောခဲ့လေ၏။ ထိုအချိန်၌ လူအများတို့သည် အလွန်စိတ်ပါဝင်စားခဲ့ကြပြီး၊ ပေါလုအား သူတို့နှင့်အတူ အချိန်ကြာကြာနေစေချင်ခဲ့ကြ၏။ သို့သော် ပေါလုသည် မနေနိုင်ခဲ့ပေ။ သူသည် ယေရုရှလင်သို့သွားနေပြီဖြစ်၏။ ထို့ကြောင့် သူသည် သူ၏အပေါင်းအဖော်ဖြစ်သည့် ယုံကြည်သူနှစ်ဦးဖြစ်သော ပြစ်ကိလ နှင့် အာကုလကို ကောရိန္သုမြို့မှခေါ်၍ ဧဖက်မြို့၌အလုပ်ဆက်လုပ်ရန် ချန်ထားခဲ့ပြီး၊ ဘုရားသခင်၏ အလိုတော်ရှိလျှင် ပြန်လာဦးမည်ဟု ကတိပေးလေ၏။

ပေါလုသည် ယေရုရှလင်သို့ သင်္ဘောဖြင့် သွားပြီးနောက် အာပေါလု အမည်ရှိသောသူသည် ဧဖက်မြို့သို့ ရောက်လာခဲ့၏။ သူသည် နှစ်ခြင်းဆရာယောဟန်၏ တရားကို ကြားခဲ့၍ ဗတ္တိဇံခံခဲ့သောသူဖြစ်သည်။ ထိုအချိန်၌ သူသည် ယောဟန်၏သတင်းစကားကို စိတ်အားကြီးစွာဖြင့် ကိုယ်တိုင်ဟောပြောနေခဲ့လေ၏။ ပြစ်ကိလနှင့် အာကုလတို့သည်လည်း အာပေါလု၏ဟောပြောချက်ကို ကြားသည်နှင့်အမျှ ယေရှုခရစ်တော်အကြောင်းနှင့်ပတ်သက်၍ သူမသိသေးသောဧဝံဂေလိသတင်းစကားကို သူတို့ပြောပြနိုင်ခဲ့ကြသည်။ သူတို့သည် ဘာများ လုပ်ဆောင်ခဲ့သနည်း။ တမန်တော်ဝတ္ထု ၁၈း၂၆။

အာပေါလုသည် အခါယပြည်နယ်၌ရှိသော ကောရိန္သုမြို့သို့ ခရီးသွားရန်ဆုံးဖြတ်သောအခါ၊ ဧဖက်မြို့၌ရှိသော ယုံကြည်သူများသည် သူနှင့်အတူ မြင့်မားသောထောက်ခံချက်တစ်ခုကို ပို့လိုက်ကြ၏။ ထိုနေရာ၌ သူ၏သာသနာလုပ်ငန်းသည် အဘယ်မျှလောက်အောင်မြင်ခဲ့သနည်း။ အငယ် ၂၇၊ ၂၈။

သို့သော် စာတန်သည် ကောရိန္သုမြို့ရှိ အသင်းတော်၌ စိတ်ဝမ်းကွဲမှုကို ဖန်တီးရန် အာပေါလု၏သာသနာလုပ်ငန်းအောင်မြင်မှုကို အခွင့်ကောင်းယူခဲ့လေ၏။ အချို့တို့သည် ပေါလုနောက်လိုက်ရန် ပြောခဲ့ကြ၏။ သူသည် ထိုနေရာ၌အသင်းတော်ကို စတင်ခဲ့သောကြောင့် ဖြစ်သည်။ အခြားသောသူများသည် အာပေါလုကို ပိုနှစ်သက်ခဲ့ကြ၏။ သူ၏သာသနာလုပ်ငန်းသည် ပေါလုထက် သာ၍ အောင်မြင်ဟန်ရှိသောကြောင့်ဖြစ်သည်။ အခြားသောသူများသည်လည်း ပေတရုကို ပိုနှစ်သက်ကြပြန်၏။ သူ့အားဖြင့် သူတို့သည် ယေရှုခရစ်တော်ထံမှ တိုက်ရိုက်သွန်သင်ခံရသည်ဟု ပြောဆိုကြလေ၏။ ကောရိန္သုဩဝါဒစာ ပထမစောင် ၁း၁၂။

အဘယ်သို့ဖြစ်ပျက်နေသည်ကို ပေါလုသည် ကြားသောအခါ သူတို့၏စိတ်နေစိတ်ထားသည် လုံးဝမှားယွင်းနေကြောင်းကို သူတို့အား ပြောပြခဲ့လေ၏။ ဘုရားသခင်၏အစေအပါးများ (အမှုတော်ဆောင်) တွင် မတူညီသော ဆုကျေးဇူးအမျိုးမျိုးရှိကြပြီး၊ ၎င်းကို ဘုရားသခင်က သူမြင်သည့်အတိုင်း အသုံးပြုသည်။